# ၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၃၊ အပိုဒ် (တ)၊ အပိုဒ်ခွဲ (က က)၏ (ကာ ကာ)၊ (ခါ ခါ)၊ (ဂါ ဂါ)၊ (ဃာ ဃာ)၊ (ငါ ငါ)နှင့်အပိုဒ်ခွဲ (ခ ခ) ၏ (ကာ ကာ)၊ (ခါ ခါ)၊ (ဂါ ဂါ)၊ (ဃာ ဃာ) တို့နှင့် အပိုဒ် (တ) ၏ ရှင်းလင်းချက်တွင် '' ခိုင်ကြေး (cess) မှတပါး '' ဆိုသည့် စကားရပ်အသီးသီးနှင့် '' မြေခွန်တော် '' ဆိုသည့် စကားရပ်အသီးသီးစပ်ကြားတွင် '' ရေခွန်တော်အပါအဝင်ဖြစ်သည့် '' ဆိုသော စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၅၊ ပုဒ်မခွဲ (၃) ၏ခြွင်းချက်ကို ပယ်ဖျက်ရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆ တွင်—

(က) ပုဒ်မခွဲ (၁)၊ အပိုဒ် (င) ၏အောက်ရှိ '' <u>ပဌမခြွင်းချက်</u> '' ဆိုသည့် စကားရပ်တွင် '' <u>ပဌမ</u> '' ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍၊ ထိုခြွင်းချက်၏အောက်၌ အောက်ပါကို အပိုဒ် (စ) အဖြစ် ထည့်သွင်းရမည်။

'' (စ) အောက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်သော အိမ်ထောင်သားစု။

(ကာကာ) ထို အိမ်ထောင်သားစုသည်၊ တောင်သူ လယ်သမားအိမ်ထောင်သားစုဖြစ်ရမည်။

(ခါ ခါ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူတဦးသည်၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍၊ ထို လယ်ယာမြေကို အဆက်မပြတ်ပိုင်ဆိုင်ရမည်။

(ဂါ ဂါ) ထိုအိမ်ထောင်သားစု၏အကြီးအကဲတဦးသည်၊ သို့တည်းမဟုတ် တဦးထက်ပိုသော အကြီးအကဲ များသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် တောင်သူလယ်သမားအဖြစ်ရောက်ရှိပြီးဖြစ်ရမည်။ ထို့ပြင်

(ဃာ ဃာ) ထို အိမ်ထောင်သားစုတွင် ပါဝင်သူ အများသည်၊ ပြည်ထောင်စုနိုင်ငံသားများဖြစ်ရမည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင်အဆိုပါတောင်သူလယ်သမားအိမ်ထောင်သားစုတွင် ပါဝင်သည့် အရွယ်ရောက်ပြီးသူတဦးသည်၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့၌ ထိုလယ်ယာမြေကို ပိုင်ဆိုင်ခဲ့သော ထိုအိမ်ထောင်သားစု၏အကြီးအကဲထံမှ

အမွေဆက်ခံလျှင်၊ ထိုသူသည်၊ အဆိုပါလယ်ယာမြေကို၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍၊ အဆက်မပြတ် ပိုင်ဆိုင်သည်ဟု မှတ်ယူရမည်။

ပုဒ်မခွဲ (၁) ၏ ပဌမခြွင်းချက်။ ။သို့ရာတွင်ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃ နှင့် ၄ တွင် သီးခြားဖေါ်ပြထားသည့် လယ်ယာမြေတမျိုး အတွက် ဤပုဒ်မခွဲအရ ကင်းလွတ်ခွင့်တောင်းဆိုလျှင်၊ ထိုသို့ ကင်းလွတ်ခွင့် ရရှိရန် တောင်းဆိုသည့်လယ်ယာမြေအားလုံး၏ အတိုင်းအတာ စုစုပေါင်းသည်၊ ထိုလယ်ယာမြေ အမျိုးအစား အတွက်၊ ဇယား ၁ ၀ွင်သတ်မှတ်ထားသော အတိုင်းအတာ ထက် မပိုစေရ။''

(ခ) ပုဒ်မခွဲ(၁)၊ အပိုဒ် (င)၏''ဒုတိယခြွင်းချက်''ဆိုသည့်စကားရပ် အစား '' ပုဒ်မခွဲ (၁)၏၊ ဒုတိယခြွင်းချက် '' ဆိုသည့်စကား ရပ်ကို ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ(၂)၊အပိုဒ်(က)၊အပိုဒ်ခွဲ(ဃဃ)နှင့်ပုဒ်မခွဲ(၃)၊အပိုဒ် (ခ)တွင်'' ချင်းဝိသေသတိုင်းတွင်ဖြစ်စေ ''ဆိုသည့်စကားရပ် နှင့်''တည်ရှိသော လယ်ယာမြေဖြစ်လျှင် '' ဆိုသည့်စကား ရပ်များစပ်ကြားတွင်''မြေစာရင်းဌာနစာရင်းမရှိသောကွင်းတွင် ဖြစ်စေ၊ ''ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄၂ အစား အောက်ပါကို ပုဒ်မ ၄၂ အဖြစ်ထည့်သွင်းရမည်။

''၄၂။ ။(၁) တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိ စေကာမူ၊ ဤအက်ဥပဒေပါအခြားပြဋ္ဌာန်းချက် များကိုအထောက်အထားပြု၍၊ ပုဒ်မ ၅ အရ ဖြစ်စေ၊ ပုဒ်မ ၉၊ပုဒ်မခွဲ(၂)၊ခြွင်းချက်အရဖြစ်စေ၊ နိုင်ငံတော်က ပြန်လည် သိမ်းယူသော လယ်ယာမြေအတွက် လျော်ကြေးကို၊ ဤပုဒ်မနှင့် ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီပေးရမည်။

လျော်ကြေးပေးခြင်း။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်က ယာမြေများကို ပြန်လည်သိမ်းယူ သည့်အတွက် ဤပုဒ်မခွဲအရ၊ ပိုင်ရှင်တဦးက ထိုယာမြေအတွက် ရရှိမည့် လျော်ကြေးငွေစုစုပေါင်း၏ ဖျမ်းမျှခြင်း လျော်ကြေးနှုန်း သည်၊တဧကလျှင်ငွေတကျပ်ပြား ငါးဆယ်ထက်လျော့နည်းလျှင်၊ ထိုယာမြေများအတွက် လျော်ကြေးငွေကို တဧကလျှင် ငွေတကျပ် ပြားငါးဆယ်အထိ တိုးမြှင့်၍ ပေးရမည်။

(၂) အပိုင်စာချုပ် (Grant) အရ၊ သို့တည်းမဟုတ် အငှါးစာချုပ် (Lease) အရ၊ လယ်ယာမြေ အပေါ်တွင် အခွင့်အရေးရရှိ၍၊ ထိုအပိုင်စာချုပ် (Grant) ကို၊ သို့တည်းမဟုတ် အငှါးစာချုပ် (Lease) ကို ရရှိရန်အတွက် အစိုးရအား စပေါ်ငွေ (Premium) ပေးခဲ့ရသော လယ်ယာမြေကို နိုင်ငံတော်က ပြန်လည်

သိမ်းယူလျှင်၊ ပုဒ်မခွဲ (၁) အရ ပေးရမည့် လျော်ကြေးအပြင်၊ အဆိုပါ စပေါ်ငွေ (Premium) နှင့် ညီမျှသော ငွေကိုလည်း လျော်ကြေးအဖြစ် ပေးရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသောလယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားလျှင်၊ ထိုသို့ ပြုပြင် ထားခြင်းအတွက် လျော်ကြေး ပေးရမည်။ အဆိုပါ တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားသည့် အဆောက်အအုံများကို အောက်ပါနည်းလမ်းအတိုင်း တန်ဘိုးဖြတ်ရမည်။

မူလတည်ဆောက်သည့်ကုန်ကျစရိတ်နှင့် ထိုသို့တည်ဆောက်ထားသည့် အဆောက်အအုံကိုမွမ်းမံပြုပြင်သည့်အတွက် ကုန်ကျစရိတ် နှစ်ရပ်ပေါင်းမှ တန်ဘိုးယုတ်လျော့သည့်အတွက်နှင့် ပျက်စီး ယိုယွင်းသည့်အတွက် တန်ဘိုးကို နုတ်ရမည်။

(၄) နိုင်ငံတော်သမတ သည်၊ ဤပုဒ်မအရပေးရမည့်လျော်ကြေးကို၊ ငွေဖြင့်ဖြစ်စေ၊ စာချုပ်စာတမ်း (Bond) ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ တကြိမ်တည်း၊ သို့တည်းမဟုတ် အကြိမ်ကြိမ်ပေးနိုင်စေရန်၊ အခါအားလျော်စွာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(၅) နိုင်ငံတော်သမတ သည်၊ ဤပုဒ်မပါ ကိစ္စများကို ဆောင်ရွက်ရန် နည်းဥပဒေများပြုနိုင်သည်။"

၆။ ။အဆိုပါအက်ဥပဒေ၏ ဇယား ၁ တွင်—

(က) အပိုဒ် ၁၊ အပိုဒ်ခွဲ (င) အောက်၌၊ အောက်ပါကိုအပိုဒ်ခွဲ (စ) အဖြစ် ထည့်သွင်းရမည်။

" (စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖေါ်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေနှစ်ဆယ်အထိ။ "

(ခ) အပိုဒ် ၂၊ အပိုဒ်ခွဲ (င) အောက်၌၊ အောက်ပါကိုအပိုဒ်ခွဲ (စ) အဖြစ်ထည့်သွင်းရမည်။

" (စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖေါ်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစုပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေတဆယ်အထိ။"

(ဂ) အပိုဒ် ၃၊ အပိုဒ်ခွဲ (င) အောက်၌၊ အောက်ပါကိုအပိုဒ်ခွဲ (စ) အဖြစ်ထည့်သွင်းရမည်။

" (စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖေါ်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ခြောက်ကေအထိ။"

(ဃ) အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င)၌၊ ''လယ်ယာမြေဖြစ်ခဲ့လျှင်''ဆိုသောစကားရပ်အသီးသီးနောက်၌၊'' ခြောက်ကေအထိ ''ဆိုသောစကားရပ် အသီးသီးအစား '' တဆယ်ကေအထိ '' ဆိုသော စကားရပ် အသီးသီးနှင့် '' သုံးကေအထိ '' ဆိုသောစကားရပ် အသီးသီး အစား '' ငါးကေအထိ '' ဆိုသော စကားရပ် အသီးသီးကို ထည့်သွင်းရမည်။ ၎င်းပြင်၊ အပိုဒ်ခွဲ (ခ) တွင် '' တကေနှင့်ဒသမငါးဆယ်အထိ ''ဆိုသောစကားရပ်အစား'' နှစ်ကေနှင့်ဒသမငါးဆယ်အထိ ''ဆိုသောစကားရပ်ကိုထည့်သွင်း၍ခြွင်းချက်တွင် '' ခြောက်ကေ '' ဆိုသော စကားရပ်အစား'' တဆယ်ကေ '' ဆိုသော စကားရပ်ကိုထည့်သွင်းရမည်။

(င) အပိုဒ် ၄၊ အပိုဒ်ခွဲ (င) အောက်၌၊ အောက်ပါကို အပိုဒ်ခွဲ (စ) အဖြစ်ထည့်သွင်းရမည်။

'' (စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖော်ပြထားသည့်စည်းကမ်းချက် များနှင့်ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ငါးကေအထိ။''

၇။ ။အဆိုပါအက်ဥပဒေ၏ဇယား ၂ အစား အောက်ပါကို ဇယား ၂ အဖြစ်ထည့်သွင်းရမည်။

'' ဇယား ၂ ။

| မြေအမျိုးအစား | လျော်ကြေး |
|---|---|
| ၁။ (က) အထက် မြန်မာပြည် မြေနှင့် အခွန်မတော်ဥပဒေ (The Upper Burma Land and Revenue Regulation) အရ၊ နိုင်ငံတော်ပိုင် မြေဟု သတ်မှတ် ပြီးလျှင်၊ အဆိုပါ ဥပဒေ အတည် ဖြစ်သော ဒေသများ၌ တည်ရှိသည့် လယ်ယာမြေ။<br>(ခ) ပြည် နယ် အတွင်းရှိ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်ထားသောလယ်ယာမြေ။ | ၁။ မြေခွန် တော်နှင့် ညီမျှသော လျော်ကြေး။ |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| ၂။ (က) အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေ (The Upper Burma Land and Revenue Regulation) အရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ် သည့် လယ်ယာမြေမှအပ၊ အဆိုပါ ဥပဒေ အတည်ဖြစ်သော ဒေသ များ တွင် တည်ရှိသည့် အခြားလယ်ယာမြေ။<br>(ခ) ပြည်နယ် အတွင်းရှိ နိုင်ငံတော်မြေဟု သတ် မှတ်ထားသည့် လယ်ယာမြေမှအပ၊ အခြားလယ်ယာမြေ။ | ၂။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ မတိုင်မီက လွှဲပြောင်းပြီးဖြစ်ကြောင်းကို ထိုနေ့မတိုင်မီကရေစစ္စတြိမှတ်ပုံတင်ပြီးသော၊ သို့တည်းမဟုတ် ထိုနေ့မတိုင်မီကသက်ဆိုင်ရာမြေစာရင်းဌာန စာရင်းတွင် မှတ်သားထားပြီးဖြစ်သော လယ်ယာမြေအပေါ်တွင် ပိုင် ဆိုင် ခွင့် ရရှိထားသူ တဦးတယောက် ၏၊ သို့တည်း မဟုတ် ဘဏ်၏၊သို့တည်းမဟုတ် ကုမ္ပဏီ၏၊ သို့တည်းမဟုတ် အဖွဲ့အစည်း၏၊ သို့တည်းမဟုတ် ကုန်ဖက်စပ် လုပ်ငန်း၏၊ သို့တည်းမဟုတ် ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု၏ ပိုင်ဆိုင်ခွင့် ရရှိထားသော လယ်ယာမြေများ အနက်၊ ဤအက်ဥပဒေအရ နိုင်ငံတော်က ပြန်လည်သိမ်းယူပိုင်ခွင့်ရှိသည့် လယ်ယာမြေ ဧကစုစုပေါင်း၏—<br>(က) ပဌမဧက ၁၀၀ အတွက်၊မြေခွန်တော်၏တဆယ့်နှစ်ဆနှင့်ညီမျှသောလျော်ကြေး။<br>(ခ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ တဆယ့်တဆနှင့်ညီမျှသော လျော်ကြေး။<br>(ဂ) နောက် ဧက ၁၀၀ အတွက်၊ မြေခွန် တော်၏ ဆယ်ဆနှင့် ညီမျှ သော လျော်ကြေး။<br>(ဃ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ကိုးဆနှင့် ညီမျှသော လျော်ကြေး။ |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| | ( င) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ရှစ်ဆ နှင့် ညီမျှသောလျော်ကြေး။<br>(စ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန် တော်၏ ခုနစ်ဆ နှင့်ညီမျှသောလျော်ကြေး။<br>(ဆ) နောက် ဧက ၁၀၀ အတွက်၊ မြေ ခွန် တော် ၏ ခြောက်ဆ နှင့် ညီမျှသော လျော်ကြေး။<br>(ဇ) နောက် ဧက ၁၀၀ အတွက်၊ မြေခွန်တော် ၏ ငါးဆနှင့်ညီမျှသောလျော် ကြေး။<br>(ဈ) နောက် ဧက ၁၀၀ အတွက်၊ မြေခွန် တော် ၏ လေးဆ နှင့် ညီမျှ သော လျော်ကြေး။<br>(ည) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ သုံးဆနှင့် ညီမျှသောလျော်ကြေး။<br>(ဋ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန် တော်၏နှစ်ဆနှင့် ညီမျှသော လျော်ကြေး။<br>(ဌ) ကျန် ဧကများအတွက်၊ မြေ ခွန် တော်နှင့် ညီမျှသော လျော်ကြေး။ |
| ၃။ မြေနှင့် အခွန်တော်အက်ဥပဒေ (The Land and Revenue Act) ပုဒ်မ ၇ အရ၊ အခွင့်အရေးများရရှိပြီးလျှင်၊ အဆိုပါ အက်ဥပဒေ အတည်ဖြစ်သော ဒေသ များတွင် တည်ရှိ သည့် လယ်ယာမြေ။ | ၃။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ မ တိုင် မီ က လွှဲပြောင်း ပြီး ဖြစ်ကြောင်းကို ထိုနေ့မတိုင်မီက ရေစာရင်း မှတ်ပုံ တင်ပြီးသော၊ သို့တည်း မဟုတ် ထိုနေ့မတိုင်မီက သက်ဆိုင်ရာမြေစာရင်းဌာန စာရင်းတွင် မှတ်သားထားပြီး ဖြစ်သော လယ်ယာ |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| | မြေအပေါ်တွင် ပိုင်ဆိုင်ခွင့် ရရှိထားသူ တဦးတယောက်၏၊ သို့တည်းမဟုတ်ဘက်၏၊ သို့တည်းမဟုတ် ကုမ္ပဏီ၏၊ သို့တည်းမဟုတ် အဖွဲ့အစည်း၏၊ သို့တည်းမဟုတ် ကုန်ဖက်စပ်လုပ်ငန်း၏၊ သို့တည်းမဟုတ် ပစ္စည်းမခွဲဝေ ရသေး သည့် ဟိန္ဒူ လူမျိုး အိမ်ထောင်သားစု၏ ပိုင်ခွင့်ရရှိထားသော လယ်ယာ မြေများ အနက်၊ ဤ အက်ဥပဒေအရ နိုင်ငံတော်က ပြန်လည်သိမ်းယူပိုင်ခွင့်ရှိသည့် လယ်ယာမြေ ဧက စုစုပေါင်း၏—<br>(က) ပဌမဧက ၁၀၀ အတွက်၊ မြေခွန်တော်၏တဆယ့်နှစ်ဆနှင့် ညီမျှသော လျော်ကြေး။<br>(ခ) နောက် ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ တဆယ့် တဆ နှင့် ညီမျှသောလျော်ကြေး။<br>(ဂ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ဆယ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(ဃ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ကိုးဆနှင့် ညီမျှသောလျော်ကြေး။<br>(င) နောက် ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ရှစ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(စ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ခုနစ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(ဆ) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ခြောက်ဆနှင့်ညီမျှသောလျော်ကြေး။ |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| | (ဇ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ငါးဆနှင့် ညီမျှသောလျော်ကြေး။<br>(ဈ) နောက်ဒကေ ၁၀၁ အတွက်၊ မြေခွန်တော်၏ လေးဆနှင့် ညီမျှသောလျော်ကြေး။<br>(ည) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ သုံးဆနှင့် ညီမျှသောလျော်ကြေး။<br>(ဋ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ နှစ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(ဌ) ကျန်ကေများအတွက်၊ မြေခွန်တော်နှင့် ညီမျှသောလျော်ကြေး။ |
| ၄။ မြေနှင့် အခွန်တော် အက် ဥပဒေ (The Land and Revenue Act) ပုဒ်မ ၇ အရ၊ အခွင့်အရေးများရရှိပြီးဖြစ်သည့် လယ်ယာမြေများမှအပ၊ အဆိုပါအက် ဥပဒေ အတည်ဖြစ်သော ဒေသများတွင် တည်ရှိသည့်အခြား လယ်ယာမြေများ။ | ၄။ မြေခွန်တော်နှင့် ညီမျှသော လျော်ကြေး။<br>” |

ပ၊မ၊ဗ၊စ၊—အမှတ် ၁၃၂၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၅-၅၄—၂,၀၀၀—၂။